# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၂ / ၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန် လ ၁၆ ရက် )

၁။ ဝန်ကြီးဌာန(၄)ခုတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

**(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန | ဦးစီးအရာရှိ | ၉ နေရာ | မဟာဝါဏိဇ္ဇဘွဲ့/ မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း/ဘောဂဗေဒ) |
| | | | ၂ နေရာ | မဟာဥပဒေဘွဲ့ |
| | | | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) |
| | | | ၂ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ |
| (၂) | မြန်မာ့အာမခံလုပ်ငန်း | လက်ထောက် မန်နေဂျာ | ၉ နေရာ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) |
| | | | ၁ နေရာ | အင်ဂျင်နီယာဘွဲ့(မြို့ပြ) |
| | | | ၁ နေရာ | လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင် လက်မှတ်ရရှိသူ |
| (၃) | ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန | ဦးစီးအရာရှိ | ၂ နေရာ | မဟာဥပဒေဘွဲ့ |
| | | | ၁ နေရာ | မဟာစီးပွားရေးပညာဘွဲ့(စာရင်းအင်း) |
| | | | ၃ နေရာ | မဟာဝါဏိဇ္ဇဘွဲ့ |
| | | | ၁ နေရာ | မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) |
| (၄) | ငွေတိုက်ဦးစီးဌာန | ဦးစီးအရာရှိ | ၈နေရာ | မဟာဝါဏိဇ္ဇဘွဲ့/စာရင်းကိုင်ပညာမဟာဘွဲ့/ မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ/ စာရင်းအင်း)/ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ |
| | | | ၂နေရာ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) |
| | | | ၂ နေရာ | မဟာဥပဒေဘွဲ့ |

၂/သို့

**(ခ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန | ဦးစီးအရာရှိ | ၆ နေရာ | မဟာဝါဏိဇ္ဇဘွဲ့/လက်မှတ်ရပြည်သူ့စာရင်းကိုင်အောင်လက်မှတ်ရရှိသူ |
| | | | ၂ နေရာ | ပါရဂူဘွဲ့(ဓာတု)/မဟာသိပ္ပံဘွဲ့(ဓာတု) |
| | | | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) |
| | | | ၁ နေရာ | မဟာဥပဒေဘွဲ့ |
| | | | ၁ နေရာ | စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ |
| | | လက်ထောက်အင်ဂျင်နီယာ **(အမျိုးသား)** | ၉ နေရာ | အင်ဂျင်နီယာဘွဲ့(စက်မှု) |
| | | လက်ထောက်အင်ဂျင်နီယာ | ၄ နေရာ | အင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်) |
| | | | ၁ နေရာ | အင်ဂျင်နီယာဘွဲ့(မြို့ပြ) |
| | | | ၃ နေရာ | အင်ဂျင်နီယာဘွဲ့(ဓာတု) |
| | | နည်းပြအရာရှိ | ၁ နေရာ | အင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်) |
| (၂) | ယွန်းပညာ ကောလိပ်(ပုဂံ) | လက်ထောက်ကထိက | ၁ နေရာ | သမဝါယမတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး မဟာဘွဲ့ရရှိသူ |
| | | | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့(ပထဝီ) |
| | | | ၁ နေရာ | မဟာကွန်ပျူတာသိပ္ပံဘွဲ့ |

**(ဂ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | ကုသရေးဦးစီးဌာန | လက်ထောက်အင်ဂျင်နီယာ | ၂ နေရာ | အင်ဂျင်နီယာဘွဲ့(စက်မှု) |
| | | | ၃ နေရာ | အင်ဂျင်နီယာဘွဲ့(လျှပ်စစ်စွမ်းအား) |
| | | | ၃ နေရာ | အင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်) |
| | | | ၅ နေရာ | အင်ဂျင်နီယာဘွဲ့(မြို့ပြ) |
| | | | ၃ နေရာ | အင်ဂျင်နီယာဘွဲ့(စက်မှုအီလက်ထရောနစ်) |
| | | | ၂ နေရာ | ဗိသုကာဘွဲ့ |

၃/သို့

**(ဃ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | ဗဟိုပို့ဆောင်ဆက်သွယ်ရေး ကျောင်း | လက်ထောက်ကထိက (မော်တော်ယာဉ်) **(အမျိုးသား)** | ၁ နေရာ | အင်ဂျင်နီယာဘွဲ့(စက်မှု) |
| | | လက်ထောက် စာကြည့်တိုက်မှူး | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ |
| (၂) | ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန | ဦးစီးအရာရှိ | ၁ နေရာ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) |
| | | ဦးစီးအရာရှိ **(အမျိုးသား)** | ၅ နေရာ | မဟာအင်ဂျင်နီယာဘွဲ့ (အီလက်ထရွန်နစ်) |
| (၃) | မြန်မာ့မီးရထား | လက်ထောက်မန်နေဂျာ | ၁ နေရာ | ဥပဒေဘွဲ့ |
| | | | ၈ နေရာ | ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) |
| | | | ၃ နေရာ | ဝါဏိဇ္ဇဘွဲ့(သို့)လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အောင် လက်မှတ်ရရှိသူ |
| | | လက်ထောက်မန်နေဂျာ (သွားလာ) **(အမျိုးသား)** | ၃ နေရာ | သိပ္ပံဘွဲ့(သင်္ချာ)(သို့) သိပ္ပံဘွဲ့(ရူပဗေဒ) |
| | | လက်ထောက်အင်ဂျင်နီယာ | ၄ နေရာ | အင်ဂျင်နီယာဘွဲ့(စက်မှု/ လျှပ်စစ်စွမ်းအား) |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) **၁၂-၇-၂၀၁၆ ရက်နေ့တွင်** ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ယွန်းပညာကောလိပ်(ပုဂံ)တို့အတွက်အသက်၃၀နှစ်(ဝန်ထမ်းဖြစ်ပါက အသက်၃၅နှစ်)နှင့်မြန်မာ့အာမခံလုပ်ငန်း၊ငွေတိုက်ဦးစီးဌာန၊ကုသရေးဦးစီးဌာန၊ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊မြန်မာ့မီးရထားတို့အတွက်အသက်(၃၅)နှစ်(ဝန်ထမ်းဖြစ်ပါကအသက်၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊

( ဂ ) ကျန်းမာရေးကောင်းမွန်ပြီးနေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်(သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ဝယ်ယူနိုင်ပြီး ၁၂ -၇ - ၂၀၁၆ရက်နေ့အရောက် လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှ တစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်။

၄။ ရေးဖြေစာမေးပွဲ(၁)ကြိမ်လျှင် ကြော်ငြာပါ ဝန်ကြီးဌာနများရှိ လစ်လပ်ရာထူး ၂ မျိုးအထိသာ လျှောက်ထားခွင့်ရှိပြီး **ရာထူး၂မျိုးထက်ပိုမိုလျှောက်ထားပါက ကြော်ငြာအမှတ်စဉ်အလိုက်ရာထူး၂မျိုးသာ သတ်မှတ်ဖြေဆိုခွင့်ပြုပြီး ကျန်လျှောက်လွှာများကိုပယ်ဖျက်မည်ဖြစ်ပါသည်။**

၅။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်ထားသူသည်ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ၅၀၀ဝိ/-(ကျပ်ငါးထောင်)ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက်လျှောက်လွှာတစ်စောင်စီသီးခြားတင်သွင်းရမည်။

၆။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀ဝိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့၏ ၁၅ - ၆ - ၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၂၄၅ /ရွေးချယ်ရေး(အမိက)၂၀၁၆ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၇။ **လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များပြည့်စုံစွာဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို ရေးဖြေဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။**

၈။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်( ၁၇ )၊နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူပြည်ထောင်စုရာထူးဝန်အဖွဲ့၊နေပြည်တော်သို့ ၁၂ - ၇ - ၂၀၁၆ ရက်နေ့အရောက်ပေးပို့ရမည်။

၉။ ရေးဖြေစာမေးပွဲကို **နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့်မော်လမြိုင်မြို့တို့တွင်စာစစ်ဌာန(၅)ခုဖြင့်** ကျင်းပမည်ဖြစ်သည့်အတွက် **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ်ရေးဖြေစာမေးပွဲဖြေဆိုမည့် စာစစ်ဌာနကိုတိတိကျကျဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ စာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည် ဖြစ်ပါသည်။**

၁၀။ ၂၄ - ၉ -၂၀၁၆ ရက်(စနေနေ့)တွင် မြန်မာစာနှင့် အင်္ဂလိပ်စာဘာသာများကိုလည်းကောင်း ၊ ၂၅ - ၉ -၂၀၁၆ ရက်(တနင်္ဂနွေနေ့)တွင် သုတရေးရာဘာသာကိုလည်းကောင်းဖြေဆိုရမည်။

၁၁။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၂ - ၉ -၂၀၁၆ ရက်နေ့မှစ၍ နေပြည်တော်နှင့် စာစစ်ဌာနတည်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင်ထုတ်ပေးမည်။

၁၂။ ကြော်ငြာပါရာထူးတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ သီးခြားစည်းကမ်းချက်များရှိပါသဖြင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရုံးအမှတ် (၂၆)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၁၀၅၃၀ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၁၃။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀ ) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၄။ ဤကြော်ငြာနှင့်လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏Websiteများဖြစ်သော ucsb.imis.com.mmနှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။